သခင့်စကား ၁-၁၇


# သခင့်စကား

ဝိညာဉ်ရေးရာစာစောင်

> ငါ့စကားကို နားထောင်ကြလော့။
> သို့ပြုလျှင် ၊ ငါသည် သင်တို့၏ ဘုရားသခင်ဖြစ်မည်။
> ယေရမိ ၇း ၂၃

အမှတ်စဉ် ( ၁၇ )   ဒီဇင်ဘာလ ၊ ၂၀၀၃ ခုနှစ်   ဝေငှသူ ( [illegible] )

## ခရစ်စမတ်မျက်ရည်



ဒီကမ္ဘာမြေကြီးပေါ်မှာ ဘယ်သူဟာ လူသိအများဆုံးနဲ့ ပေါ်ပြူလာ အဖြစ်ဆုံးလဲ။ မိုက်ကယ်ဂျက်ဆင်လား၊ ရော်နယ်ဒိုလား၊ တိုင်ဂါးဝုဒ်လား၊ ဗရစ်တနီစပီးယားလား၊ အိုစမားဘင်လာဒင်လား၊ ဂျူလီယာရောဘတ်လား၊ ဘိုင်းမားကိုင်းယားလား၊ သူတို့လည်း တစ်ယောက်တစ်မျိုးစီတော့ လူသိများကြပါတယ်။ ဒါပေမဲ့ အဲဒီသူတွေ ပေါ်ပြူလာဖြစ်တာ ကျွန်တော့်ကို မမှီပါဘူး။ ကလေးကလား လူကြီးအားလုံး လူမျိုးမရွေး ဘာသာမရွေး ၊ နေရာဒေသမရွေး ၊ လူညီးမနေ့လေ့အောင်။ မြင်းဖောင်းမကျန် လူအားလုံးသိတဲ့သူကတော့ ကျွန်တော်ပါဘဲ။

ကျွန်တော်ဟာ ဒီကမ္ဘာကြီးကို သိမ့်သိမ့်တုန်အောင် လှုပ်ခါနိုင်ခဲ့ပါတယ်။ စီးပွားရေးသမား တော်တော်များများက ကျွန်တော့်ရဲ့ ပုံတူကို အရုပ် ပန်းချီတွေနဲ့ ပုံဖော်ပြီး ရောင်းစားလို့ စီးပွားဖြစ်နေကြတယ်။ လူတွေကလဲ ကျွန်တော့်ရဲ့ ပုံတူအရုပ်တွေကို ဈေးကြီးပေးဝယ်ပြီး သူတို့ရဲ့ ချစ်သူခင်သူ မိသားစုမျိုးဆွေတွေဆီ ရှုတ်ဆက်လက်ဆောင်အဖြစ် ပေးကမ်းကြတယ်၊ ကျွန်တော့်ရဲ့ပုံကို လက်ခံရရှိတဲ့သူတွေကလဲ ဝမ်းမြောက်ဝမ်းသာဖြစ်သွားကြတယ်။

ဒီနှစ် ခရစ္စမတ်မှာ တစ်ယောက်ယောက်က ကျွန်တော့်ရဲ့ ပုံတူကို ခင်ဗျားကို လက်ဆောင်အဖြစ်ပေးပါလိမ့်မယ်။ ဒါမှမဟုတ် ခင်ဗျားက တစ်ယောက်ယောက်ကို လက်ဆောင်အဖြစ် ပေးပါလိမ့်မယ်လို့ ကျွန်တော်ယုံကြည်တယ်ဗျာ။ အဲဒီလောက်ထိအောင် ကျွန်တော့်ရဲ့ ရုပ်ရည်က လောကလူသားတိုင်းကို ဆွဲဆောင်အားနိုင်တဲ့ ဓာတ်ခိုးတွေ အာနိသင်တွေ ရှိနေတယ်လေ၊ ဟဲဟဲဟဲ။ ကျွန်တော့်ရဲ့ ပြုံးရွှင်တဲ့မျက်နှာ၊ ဝတ်နေကျ အနီရဲရဲ အင်္ကျီနဲ့ ဘောင်းဘီ၊ ဖွာတ်ဖွာတ်ဖွေးဖွေးနေတဲ့ မုတ်ဆိတ်မွေး ရုပ်ချောရုပ်ရည်တွေ အားလုံးဟာ တစ်ကမ္ဘာလုံးက လက်ခံထားတဲ့ ကျွန်တော့်ရဲ့ ကိုယ်ပိုင်ဟန်တွေပါဘဲ။ ကဲ ... ဒီလောက်ဆိုရင် ယောဂီ လောကကမ္ဘာကြီးထဲမှာ ဘယ်သူဟာ လူကြိုက်အများဆုံးလဲ၊ ပေါ်ပြူလာ အဖြစ်ဆုံးလဲ ဆိုတဲ့ မေးခွန်းကို ခင်ဗျားဖြေနိုင်လောက်ပြီလို့ ထင်တယ်။ ကဲ ... ဖြေကြည့်ပါအုံးဗျာ။

ဘာ ... ( - - - ) ဟုတ်လား။ သေလိုက်ပါတော့ဗျာ။ ဘယ်ကလာ ( - - - ) ဖြစ်ရမှာလဲ။ ဒီလောက်တောင် အသေပေါက်အောင် ရှင်းပြထားတာတောင် ခင်ဗျားက မှန်အောင် မဖြေနိုင်ဘူး။ ဒီမှာ မြဲမြဲမှတ်ထား။ ဒီကမ္ဘာကြီးပေါ်မှာ လူကြိုက်အများဆုံးနဲ့ ပေါ်ပြူလာ အဖြစ်ဆုံးက ကျွန်တော်ဗျ။ ကျွန်တော် ။ မေ့မသွားစေရန် မြဲမြဲမှတ်ထား။

ဟမ် ... ကျွန်တော့်နာမည်။ ဟုတ်လား။ ခုထိ သဘောမပေါက်သေးဘူး ထင်တယ်။ ထပ်ပြီး မှတ်ထားလိုက်အုံး။ ခင်ဗျားရဲ့ မျိုးဆက်သစ်တွေနဲ့ နောင်လာမနောက်သားတွေကို ပြောပြလို့ရအောင်။ ကျွန်တော့် နာမည်က ဘိုလိုပြောရင် "ဆန်တာကလော့စ်"။ မြန်မာလိုဆိုတော့ "ခရစ္စမတ် ဘိုးဘိုးကြီး" ဆို လူကိုင်းသိပါတယ်၊ အခုမှ ဘာ "ဩော် ... ထင်သားဘဲ" လဲ။ ရမ်းတုတ်မနေနဲ့။ ကျွန်တော့်ကို ခင်ဗျားမသိရင် ခင်ဗျားဟာ တော်တော်တုံးအဲ့သူဘဲ။ ဒီနေ့ "ဆန်တာကလော့စ်" လို့ လူသိများနေတဲ့ ကျွန်တော်ဆိုတဲ့ ခရစ္စမတ် ဘိုးဘိုးကြီးအကြောင်း ပြောပြရမယ်ဆိုရင် ... ...

နီကောလပ်စ် လို့ခေါ်တဲ့ သူငယ်လေးဟာ မိုင်ယာ ( ယခုခေတ် အခေါ် Turkey ) လို့ခေါ်တဲ့ဒေသက ချမ်းသာတဲ့ ခရစ်ယာန်မိသားစုထဲမှာ မွေးဖွားကြီးပြင်းလာခဲ့တယ်။ သူ့မိဘတွေက သူ့ကို ငယ်ငယ်လေးကတည်းက သမ္မာကျမ်းစာအကြောင်း သွန်သင်ပေးတဲ့အပြင် သခင်ယေရှုခရစ်တော်ရဲ့ သက်တော်စဉ် အကြောင်း ကိုလဲ သူသိထားခဲ့တယ်။ လိုအပ်နေတဲ့သူတွေကို မစတဲ့ ယေရှု ၊ ဖျားနာသူကို ပြုစုတဲ့ ယေရှု၊ သေသူကို ရှင်ပြန်စေတဲ့ ယေရှုရဲ့ လုပ်ဆောင်ချက်တွေဟာ သူ့အာရုံထဲမှာ စွဲနေခဲ့တယ်။

အေဒီ ၂၇၀ လောက်တုံးက မိုင်ယာ ( Turkey ) နိုင်ငံမှာ မွေးဖွားလာခဲ့တဲ့ နီကောလပ်စ်ဟာ၊ သူ ဆယ်ကျော်သက် အရွယ်လောက်မှာ ချမ်းသာကြွယ်ဝတဲ့ သူ့မိဘတွေ ရောဂါဆင့်နောက်ဆင့် ကွယ်လွန်သွားကြပြီး မိဘတွေပိုင်တဲ့ ဥစ္စာပစ္စည်းတွေကို သူတစ်ယောက်တည်း အမွေအဖြစ်ပိုင်ဆိုင်ခဲ့တယ်။ နီကောလပ်စ် ဟာ စိတ်သဘောထား ပြည့်ဝပြီး သနားကြင်နာ ယိုင်းပင်းကူညီတတ်တဲ့သူ ဖြစ်တယ်။

နှစ်အနည်းငယ် ကြာတဲ့အခါမှာ နီကောလပ်စ်ဟာ သူ့ရဲ့ ပစ္စည်းစီမံဥစ္စာတွေကို ချန်ထားခဲ့ပြီး ဘုရားရှင်ရဲ့ အမှုတော်ထမ်းဖို့ သာသနာ လောကထဲကို ဝင်လာခဲ့တယ်။ ရက်အနည်းငယ်အတွင်းမှာ သာသနာပိုင် ဘုန်းတော်ကြီး ဘုန်းတော် ဝင်စားသွားတဲ့အတွက် ဘုန်းတော်ကြီးနေရာမှာ ဟစာဆိုးတာဝန်ယူဆောင်မဲ့ သာသနာပိုင်လုပ်မဲ့ လူကိုရွေးချယ်ကြတဲ့အခါ သာသနာ့ခေါင်းဆောင်ကြီးတွေက နီကောလပ်စ်ကို သာသနာပိုင်ဘုန်းကြီးအဖြစ် ရွေးချယ်တင်မြှောက်လိုက်ကြတယ်။

မင်း   အောင် သက် လွင် ဇီ   စဉ်   ထုတ်   ဝေ   သည်

သင်ခန်းစာ ၃-၁၇

"ခရစ်စမတ်" လို့ပြောလိုက်ရင် လူတွေက နွားစားခွက်ထဲမှာ မွေးဖွားလာတဲ့ ကယ်တင်ရှင်ယေရှုကို မမြင်ဘဲ၊ မုတ်ဆိတ်ဖွားဖွား အနီရဲရဲ ပတ်စုံနဲ့ လက်ဆောင်အိတ်ကြီးကို ပုခုံးပေါ်ထမ်းထားတဲ့ ဆန်တာကလော့စ် ကိုဘဲ အရင်မြင်ယောင်နေကြတယ်။ သခင်ယေရှုရဲ့ မွေးဖွားခြင်း ပုံရိပ်အစား ဆန်တာကလော့စ် ရဲ့ ရုပ်ပုံတွေကို ဦးစားပေးပြီး ချိတ်ဆွဲအလှဆင်ခဲ့ကြတယ်။ အဲဒီအခါမှာ မယုံကြည်သူအချို့က ခရစ်စမတ်ရဲ့ အရှင်သခင်ဟာ မုတ်ဆိတ်ဖွားဖွားကြီးနဲ့ ဆန်တာကလော့စ်လို့ ထင်သွားကြတယ်။

သမ္မာကျမ်းစာထဲမှာ နှစ်ခြင်းဆရာယောဟန်က သူ့နောက်ကိုလိုက်တဲ့ တပည့်တော်တွေကို ဘာပြောသလဲဆိုတော့၊ သူ (နှစ်ခြင်းဆရာယောဟန်) ဟာ ကယ်တင်ရှင် အစစ် မဟုတ်ကြောင်း၊ ကယ်တင်ရှင်ယေရှုရဲ့ ရှေ့ပြေးသာဖြစ်ကြောင်း၊ သူဟာ ယေရှုရဲ့ ခြေနင်းတော်ကြိုးကိုတောင်မှ ဖြည်ရန်မထိုက်တန်ကြောင်း ပြောပြခဲ့ပြီး နောက်ဆုံးအနေနဲ့ "ထိုသခင်မူကား တိုးပွားခြင်း ရှိရမည်၊ ငါမူကား ဆုတ်ယုတ်ခြင်းရှိရမည် " လို့ ပြောသွားခဲ့ပါတယ်။ ကျွန်တော်ထင်တယ်ဗျာ။ ဆန်တာကလော့စ် အစစ်ဖြစ်တဲ့ ဘုန်းတော်ကြီးနိကောလပ်စ် ဟာလဲ ခရစ်တော်ရဲ့ နောက်လိုက်တစ်ဦးဖြစ်တဲ့အတွက် ရှင်ယောဟန်ကြီး ပြောသလို "ထိုသခင်မူကား တိုးပွားခြင်းရှိရမည်၊ ငါမူကား ဆုတ်ယုတ်ခြင်းရှိရမည် "ဆိုတဲ့ စကားလုံးကို လက်ကိုင်ထားမှာအမှန်ဘဲ။ ဒါပေမယ့် ဒီခုအချိန်မှာတော့ ခရစ်စမတ်ရောက်တိုင်း ထိုသခင် ( သခင်ယေရှု ) ကတော့ ဆုတ်ယုတ် မှေးမှိန် လူသိနည်းပြီး၊ ဆန်တာကလော့စ်ကတော့ တိုးပွား လူသိများ ထင်ပေါ်လာခဲ့တယ်။

ကမ္ဘာတစ်ဝှမ်းက နေရာတော်တော်များများမှာ ခရစ်စမတ်အခမ်းအနားကို ဆန်တာကလော့စ်ရုပ်ကြီးတွေနဲ့ မွမ်းမံ ပြင်ဆင်ထားတာတွေ့ရပါလိမ့်မယ်။ အဲ ... ဒါပေမဲ့ ခရစ်စမတ် ပြီးသွားတဲ့အခါကျရင်တော့ အဲဒီ ဆန်တာကလော့စ် အရုပ်တွေလဲ အမှိုက်အဖြစ်စွန့်ပစ်ခြင်း၊ မီးရှို့ခြင်း၊ လျစ်လျူရှုခြင်း ခံရတော့မယ်။ ဆန်တာကလော့စ် အရုပ်ကြီးဖြစ်တဲ့ ကျွန်တော်လဲ မကြာခင် စွန့်ပစ်ခံရတော့မယ်။ လူကြိုက်များတဲ့ ဆန်တာကလော့ရုပ်ကြီးတောင် ခရစ်စမတ်အပြီးမှာ လျစ်လျူရှုခြင်းခံရတယ်ဆိုရင် ၊ ဟိုး ... လူမသိသူမသိ ခရစ်စမတ်ရဲ့ အရှင် အစစ်ဖြစ်တဲ့ ယေရှုခရစ်တော် ဆိုရင် ပိုပြီးလျစ်လျူရှုခြင်းခံရမှာ ဧကန်မလွဲ သေချာအမှန်ပါဘဲ။


ကျွန်တော့ ရင်ထဲက ဆန္ဒကတော့ ဘယ်အချိန်မှာဘဲဖြစ်ဖြစ် ဆန်တာကလော့စ် အရုပ်ကြီးဖြစ်တဲ့ ကျွန်တော့်ကို လူတွေ မေ့မေ့ထားတာခံချင်ပါတယ်။ ဒီလိုပါဘဲ ခရစ်စမတ်ရဲ့ အရှင်သခင်ယေရှုခရစ်တော်ကိုလဲ လူတွေ အမြဲထွေးပွေ့ထားတာ မြင်ချင်ပါတယ်။ ဒါပေမယ့် အခုတော့ဗျာ၊ ခရစ်စမတ်လဲ ပြီးသွားပြီ ခုံတော့၊ ကျွန်တော်လဲ ပြောင်းထဲ ရောက်သွားပြီပေါ့။ ဒါကြောင့် ခရစ်စမတ်ရောက်တိုင်း ကျွန်တော်ငိုခဲ့ရပါတယ်။ ပါတွေဟာ "ခရစ်စမတ်မျက်ရည် "ပါဘဲ။ ။

(( ဆန်တာကလော့စ် ဘယ်လိုဖြစ်လာတာလဲ။ ဘယ်သူဟာ ဆန်တာကလော့စ်လဲ။ လူတွေသက်သက်တီထွင်ထားတဲ့ စိတ်ကူးယဉ်ဇာတ်ကောင်လား။ လူတွေကို ပစ္စည်းဥစ္စာရောင်းဖို့ လိမ်လည်ထားတဲ့ အရုပ်တစ်ရုပ်လား။ ဆန်တာကလော့စ် ဆိုတာ တကယ်ရှိရဲ့လားလို့ တစ်ယောက်ယောက်က သင့်ကို မေးလာတဲ့အခါ ဒီဆောင်းပါးလေးက သင့်အတွက် ပြန်ဖြေစရာစကားလုံးလေးတွေ ဖြစ်လာခဲ့ရင် ဒီစာကို ရေးရကျိုးနပ်ပါတယ်။ ))

နိဂုံးချုပ်အနေနဲ့ အင်္ဂလိပ်လို စာလုံးပေါင်းထားတဲ့ ဆန်တာကလော့စ် "Santa Claus" ရဲ့ နာမည် အတိုကောက်ဖြစ်တဲ့ SANTA မှာ အလယ်က စာလုံးဖြစ်တဲ့ "N" ကို နောက်ဆုံးကို ရွှေ့လိုက်ပါ။ SANTA ။ ဆန်တာ "Santa" ကနေ စာတန် "SATAN" ဖြစ်သွားတာကို တွေ့ရပါလိမ့်မယ်။

[မင်းအောင်သက်လွင်]

ဝန်ခံချက်။ ။ ဆန်တာကလော့စ် နှင့် ပါတ်သက်၍ ပါးစပ်ရာဇဝင် ပုံပြင်ပြောက်များစွာရှိသည့် အထဲမှ ဖြစ်နိုင်ချေ အရှိဆုံးဟု ယူဆရသော Internet မှ Author Unknown ရေးသားသည့် What about Santa နှင့် The Faithful Bishop from Myra မှသား မှီငြမ်းရေးသားပါသည်။




# သားတော်ပုံ

ဟောပြောလမ်းက ဒီလိုရှိ ...

ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီး တစ်ဦးရှိတယ်၊ ပြီးတော့ သူ့မှာ သားတစ်ယောက်ရှိတယ်။ သူ့သားဟာလည်း သူ့နဲ့ အတူ ဝါသနာတူတဲ့သူပျ။ သူတို့ဟာ ရှားပါးပြီး နာမည်ကြီးတဲ့ ပန်းချီ ကားချပ်တွေကို ဝယ်ယူ စုဆောင်းတယ်။ သူတို့ စုထားတဲ့ ပန်းချီကားတွေက လက်ရာ တော်တော်စုံတယ်ဗျ။ Picasso က အစ Raphael အဆုံးဘဲ။ သူတို့ သားအဖက အဲဒီ ပန်းချီကားချပ်တွေကို အတူထိုင်ကြည့်ရင်း အနုပညာအကြောင်းတွေ ပြောလေ့ရှိတယ်၊ ဘယ်လောက် ကြည်နူးဖို့ကောင်းလဲ။ ခင်ဗျားတို့ စဉ်းစားကြည့် ။

သင်စာ: ၄-၁၇

ဒါပေမယ့် ပြဿနာက ဝင်လာတယ်။ ဗီယက်နမ် စစ်ပွဲ ။ သူ့သား သွားရမယ်။ သူ့ သား သွားခဲ့တယ်။ သူ့သားဟာ သတ္တိရှိရှိနဲ့ တိုက်ပွဲဝင် ခဲ့တယ်။ တိုက်ပွဲတစ်ခုမှာ သူ့အဖော်တွေကို ကာကွယ်ရင်း ကျည်သင့်သွားတယ်။ ကျွန်တော်ထင်တယ် ... နောက်ဆုံးသူ အသက်ဝင်နေတဲ့အချိန်မှာ သူ့အဖေနဲ့ အတူ ပန်းချီကားချပ်တွေ အကြောင်း ထိုင်ပြောခဲ့တဲ့ ပုံရိပ်တွေကို သူမြန်မြင်ယောင် တမ်းတနေမှာဘဲ။

သူဌေးကြီးဆီကို သတင်းရောက်လာတယ်။ သူဌေးကြီးဟာ အလွန်ဘဲ ကြေကွဲသွားတယ်။ သူ့သား စစ်ထွက်ကတည်းက ပန်းချီကားချပ်တွေကို သူ တစ်ယောက်တည်း ကြည့်နေခဲ့ရတာ၊ အခု ... သူ့သား မရှိတော့တဲ့အတွက် သူတစ်ယောက်တည်း ဆက်ကြည့်ရဖို့ သေချာသွားပြီ။

တစ်လကြာတော့ ... ခရစ္စမတ် မတိုင်မီပေါ့။ တံခါးခေါက်သံ ကြားတယ်။ လူငယ်တစ်ဦးဟာ အထုပ်တစ်ထုပ်နဲ့ ရပ်နေတယ်။ ပြီးတော့ သူဌေးကြီးကို ဒီလိုပြောတယ်။ " လူကြီးမင်း ခင်ဗျား၊ လူကြီးမင်း ကျွန်တော့်ကိုသိမှာ မဟုတ်ပါဘူး။ ကျွန်တော်ဟာ ဗီယက်နမ် စစ်ပွဲတုံးက လူကြီးမင်းရဲ့ သား ကယ်ခဲ့တဲ့ ခင်သား တစ်ယောက်ပါ။ အဲဒီ စစ်ပွဲမှာ သူဟာ အသက် တော်တော်များများကို ကယ်ခဲ့ပါတယ်။ သူဟာ ကျွန်တော့်အတွက် သူ့အသက်ကို ပေးခဲ့ပါတယ်၊ အရင်တုံးက သူ ကျွန်တော့်ကို ခနခန ပြောခဲ့တဲ့ စကားကတော့ ... လူကြီးမင်းနဲ့ အနုပညာ ပန်းချီကားချပ်တွေကို သူသတိရတဲ့ အကြောင်းပါဘဲ။ " ပြီးတော့ လူငယ်လေးဟာ လက်ထဲက အထုပ်ကို ဖွင့်ပြလိုက်ပါတယ်။ " ဒါ ဘာမှ မဟုတ်ဘူးဆိုတာ ကျွန်တော် သိပါတယ်။ ကျွန်တော်ဟာ ထူးချွန်တဲ့ ပန်းချီဆရာ တစ်ယောက် မဟုတ်ပါဘူး။ ဒါပေမဲ့ လူကြီးမင်းရဲ့ သား ပုံတူကို လူကြီးမင်း မြတ်နိုးလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ " သူဌေးကြီးဟာ လူငယ်လေးလက်ထဲက ဆွဲထားတဲ့ ပန်းချီကားချပ်ကို ဖွင့်ကြည့်လိုက်တယ်။ သူ့သားရဲ့ ပုံတူပျာ။ အဲဒီ လူငယ်လေး ဆွဲထားတာ။ သူဌေးကြီးဟာ အကြာကြီး စိုက်ကြည့်နေခဲ့တယ်။ တော်တော်လေး ခံစားသွားပုံရတယ်။

ပြီးတော့ လူငယ်လေးကို ကျေးဇူးအများကြီး တင်ကြောင်း၊ ပန်းချီကားကို လိုချင်ကြောင်း၊ ရောင်းရင် ဘယ်လောက်ဘဲ ပေးရပေးရ ဝယ်ပါ့မယ်လို့ ဆိုတယ်။ လူငယ်က ရောင်းဖို့ မဟုတ်ကြောင်း၊ သူဌေးကြီးရဲ့ သားက သူ့အသက်ကို ကယ်ခဲ့တာ တန်ဖိုး မဖြတ်နိုင်ကြောင်း၊ ကျေးဇူးဆပ်တဲ့ အနေနဲ့ ပန်းချီကား ဟာသူ့ရဲ့ လက်ဆောင် ဖြစ်ကြောင်း၊ ပြောလိုက်ပါတယ်။

သူဌေးကြီးဟာ သူ့သားရဲ့ ပုံတူ ပန်းချီကားကို သူ့အိမ်ခန်းထဲက ပန်းချီပြခန်းရဲ့ အရှေ့ဆုံးမှာ ချိတ်ထားလိုက်တယ်။ ဧည့်သည်လာတိုင်း သူ စုဆောင်းထားတဲ့ ပန်းချီကားတွေကို မပြခင်မှာ သူ့သားရဲ့ ပုံတူ ကားကို အရင်ပြလေ့ရှိတယ်။ ဒီလိုနဲ့ တစ်လလောက်ကြာတော့ – သူဌေးကြီးလဲ ဆုံးသွားရောတဲ့။

* * လေလံတင်ပွဲ ...

နာမည်ကြီး ရှားပါးတဲ့ ၊ သူဌေးကြီးရဲ့ ပန်းချီကားချပ်တွေကို လေလံတင် ရောင်းတဲ့ပွဲ။

သန်းကြွယ် သူဌေးတွေ၊ အရေးပါ အရာရောက်တဲ့သူတွေ၊ ဝါသနာရှင်တွေ စုံလို့ ပါဘဲဗျာ။

လေလံဆွဲမဲ့ ပန်းချီကားချပ်တွေရဲ့ ရှေ့ဆုံးမှာ သူဌေးကြီးရဲ့ သား ပုံတူကားချပ်ကို လူတွေမြင်သာအောင် ထောင်ပြထားတယ်။

လေလံတင်ပွဲ စပြီဗျာ။

" ဒီ ပုံတူ ကားချပ်ကို ဘယ်သူ လေလံ ဆွဲမလဲ "

အသံတိတ် နေတယ်။ နောက်ဆုံးရုံတန်းက အသံ တစ်သံတော့ ထွက်လာတယ်။

" ငါတို့ အဲဒီပုံကို မကြည့်ချင်ဘူး ၊ ကျော်သွားလိုက် " တဲ့ ။

အခန်းအနားမှူးက ဒုတိယ အကြိမ် ထပ်ရောင်းပြန်တယ်။

" မကြည့်ချင်ဘူး " တဲ့။ စိတ်ဆိုး မာန်ဆိုးနဲ့ အသံတစ်သံ ထွက်လာတယ်။

သူတို့တွေ မျှော်လင့်တာက ဗန်ဂိုး (Van hoghs) ၊ Rembrandt တို့ရဲ့ လက်ရာ တွေလေ။

" သားတော် ပုံတူ ၊ သားတော် ပုံ ၊ ဘယ်သူ ဝယ်မလဲ "

နောက်ဆုံးတန်းက အသံတစ်သံ ထွက်လာတယ်။ ဥယျာဉ်မှူး အဘိုးကြီးနဲ့ သူ့သားပေါ့ ။

"ကျွန်တော် အဲဒီ သားတော်ပုံတူကို ဆယ်ဒေါ်လာ ပေးပါ့မယ်။ "

ဥယျာဉ်မှူး အဘိုးကြီးဟာ ချမ်းသာ ကြွယ်ဝတဲ့သူ မဟုတ်ပါဘူး။ သူ နိုင်သလောက် ဈေးနဲ့ ခေါ်လိုက်တာဖြစ်တယ်။

" ဆယ်ဒေါ်လာ ရပြီ၊ ဘယ်သူ ဒေါ်လာ နှစ်ဆယ် ပေးမလဲ "

" ရောင်းလိုက်တော့ဗျာ၊ ကြာတယ်၊ "

"ဆယ်ဒေါ်လာ ဈေးဖြတ်တယ်။ ဈေးပိုပေးမဲ့သူ ရှိလား "

ပရိတ်သတ်တွေ စိတ်မရှည်တော့ဘူး။ ပွစိပွစိ ဖြစ်လာပြီ။ သူတို့က တခြားပုံတွေဆီဘဲ အာရုံရောက်ပြီး စိတ်ဝင်စား နေကြတာလေ။

"တစ်၊ နှစ်၊ သုံး ရောင်းပြီ။ ဒီ သားတော်ပုံတူ ပန်းချီကားချပ်ကို ဆယ်ဒေါ်လာနဲ့ ရောင်းလိုက်ပါပြီ "

ဒုတိယ ခုံတန်းမှာ ထိုင်နေတဲ့ လူတစ်ယောက်က အားရပါးရ လေသံကြီးနဲ့ " ဟား ... အခုမှဘဲ လေလံပွဲ စပြီ " လို့အော်ပြောလိုက်တယ်။

– – – ဒါပေမယ့် ... ဒါပေမယ့်၊ ဘာဖြစ်မယ် ခင်ဗျားထင်လဲ ။

အခမ်းအနားမှူးက ကြေငြာလိုက်တယ်။

" ဝမ်းနည်းပါတယ်။ လေလံတင်ပွဲ ပြီးဆုံးသွားပါပြီ။ " တဲ့။

"ကျန်တဲ့ ပန်းချီကားတွေရော ဆက်မရောင်း တော့ဘူးလား" လို့ လူတစ်ချို့က မဆိုင်းမတွ ပြန်မေးကြတယ်။

ဒါနဲ့ အခမ်းအနားမှူးက – – –

" ဝမ်းနည်းပါတယ်။ ကွယ်လွန်သူ သူဌေးကြီးရဲ့ သေတမ်းစာ အရ – ဒီ သားတော်ရဲ့ ပုံတူပန်းချီကားကိုသာ လေလံတင်ခိုင်းခဲ့ပါတယ်။ လျှို့ဝှက်ချက်အနေနဲ့ သားတော်ရဲ့ ပုံတူပန်းချီကားကို ဝယ်တဲ့သူသာလျှင် သူစုဆောင်းထားတဲ့ အခြားပန်းချီကား အားလုံးကို အလိုလျောက် ပိုင်ဆိုင်ခွင့် ရှိတယ်လို့ ဆိုခဲ့ပါတယ်။ ဒီတော့ သားတော်ရဲ့ ပုံတူကို ဝယ်တဲ့ သူဟာ ကျန်တဲ့ပန်းချီကားတွေ အားလုံးကို အလိုအလျောက် ပိုင်ဆိုင်သွားပြီဖြစ်တဲ့အတွက် လေလံတင်ပွဲဟာလဲ ပြီးဆုံးသွားရခြင်း ဖြစ်ပါတယ်။ "

လူတွေအားလုံးဟာ ဝမ်းနည်းပက်လက်နဲ့ မယုံနိုင်စရာအဖြစ်ကို မချိတင်ကဲ ခံစားလိုက်ရတယ်။ တစ်ချို့ကတော့လဲ သားတော်ရဲ့ ပုံတူပန်းချီကားကို မဝယ်လိုက်မိ ရလေခြင်းလို့ ခံပြင်းနောင်တရနေကြတယ်။

ဒီလိုပါဘဲ... ...

လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ထောင်ကျော်က ဘုရားရဲ့ သားတော် ယေရှုခရစ်တော်ဟာ ကျွန်တော်တို့ လူသားတွေ အားလုံးအတွက် တက်လင်းပြီ့ နွားပင်းကုတ်ထဲမှာ မွေးဖွားခဲ့ပြီး၊ လက်ဝါးကပ်တိုင်မှာ အသေခံခဲ့တယ်။ သားတော် ... သားတော် ... ဘယ်သူ သားတော်ကို ယုံကြည် လက်ခံမယ်။ "

**[ မှူးဒါး ]**

( ဝန်ခံချက် – – – လက်ခံရရှိသော Email တစ်ခုအား ဘာသာပြန်ဆိုထားခြင်း ဖြစ်ပါသည်။ )

# အချစ် နှိုင်း မေတ္တာ

အချစ်သည် ဆွတ်ပျံ့၏ ၊ ပန်းများ ပွင့်သကဲ့သို့တည်း ။
မေတ္တာသည် ကည်ငြိမ်၏ ၊ ပန်းရုံများ ပမာတည်း ။

အချစ်သည် ပန်းခြံဖြစ်၏ ၊ အသီးအတားရှိ၏ ။
မေတ္တာသည် ပြန့်ပြူးသော လွင်ပြင်ဖြစ်၏ ၊ ကြီးကျယ်ပြန့်ပြော၏ ။

အချစ်သည် တောင်တန်းဖြစ်၏ ၊ မြင့်မား လှမ်းမိုးသည် ။
မေတ္တာသည် တောင်ကြားလေးဖြစ်၏ ၊ နိမ့်ချ ကျိုးနွံသည် ။

အချစ်သည် အရက်ဦး ဖြစ်၏ ၊ သစ်လွင်သန့်စင်သည် ။
မေတ္တာသည် ဆည်းဆာတည်း ၊ နားနီ အပန်းဖြေရာဖြစ်သည် ။

အချစ်သည် ဘာနမ်း ၊ နုးညံ့ညင်သာ၏ ။
မေတ္တာသည် လက်တွဲမဖြုတ် ၊ သန်မာ ခိုင်မြဲသည် ။

အချစ်သည် နေမင်းဖြစ်၏ ၊ ပူနွေးတောက်ပ၏ ။
မေတ္တာသည် အရိပ်ဖြစ်၏ ၊ နွေးထွေးခိုလှုံရာတည်း ။

အချစ်သည် ရှင်မြူး ပေါ့ပါး၏ ။
မေတ္တာသည် ရင့်သန် အားမာန်ပြည့်၏ ။

အချစ်သည် 'ရှက်' ဖြစ်၏ ၊ ရှက်လွှင့်ရန် အသင့်ပင် ။
မေတ္တာသည် တက်မ ဖြစ်၏ ၊ လမ်းပြ ဖြစ်ပါသည် ။

အချစ်သည် သက်ပချခြင်း ပြေလျော့ရန်တည်း ။
မေတ္တာသည် အသက်ရှုခြင်း ၊ နှစ်သိမ့်ပြည့်စုံရန်တည်း ။

အချစ်သည် လက်စေါ်းဖြစ်၏ ၊ လက်ခံရန်တည်း ။
မေတ္တာသည် လက်ဖြစ်၏ ၊ ပေးကမ်းရန်တည်း ။

" အကာယ်ဇင်စစ် ထာဝရမေတ္တာဖြင့် သင့်ကို ငါချစ်၏။ ယေရမိ ၃၁း၃ "

**နော်အေမီထွန်း ( Grace Family )**

(ဝန်ခံချက် - - အတွေးအမြင် စာစဉ် ၉၂ ၊ ၁၉၉၃ ဇူလိုင် ၊ မှ
ကောက်နုတ်ထားပါသည်။ )

# မဟာတံတိုင်း

• ဆင်ခြင်မိတယ် ။
သဘော်ကြီးတွေ မသွားနိုင်တဲ့အကြောင်း ၊
မြစ်ကျဉ်းနေလို့တဲ့ ။

• အကြောင်းရင်းကို ရှာ ၊
အန္တရာယ် ကျောက်ဆောင်တွေ ပေါလို့တဲ့ ။

** နည်းလမ်းကို ရှာကြည့်မြင်တော့
ကျောက်ဆောင်တွေ ဖြိုဖို့သာ ရှိ။

• တောင်ကြီးပမာ မြင့်မားနေလား ၊
မြွေနဂါးပမာ ရှည်လျားနေလား ။
သခင့်ဆိပ်ကမ်းသို့ နှင်နေတဲ့ ၊
ခရီးလမ်းမှာ ....
ကာဆီးနေတဲ့ မဟာတံတိုင်းတွေကို
ချစ်မေတ္တာ ဒိုင်းနမိုက်နဲ့ ဖြိုခွင်းလို့
မြစ်ကျယ်ကျယ် အသွင်ပြောင်းဖို့ ။


(နွမ်ရှိုင်)

( ကျဉ်းမြောင်းသော အတွေးအခေါ်များ ပျောက်ကွယ်နိုင်ရေးသို့ ... )



ဆင့်စာ: ၆-၁၇

# လက်တော်ထဲမှာ



ကျွန်ုပ်လက်ထဲမှာ ရှိတဲ့ ဘတ်စကက်ဘောလုံးလေး တစ်လုံးဟာ အမေရိကန်ဒေါ်လာ ၁၉ ဒေါ်လာလောက်ဘဲ တန်ပါတယ်။
ဒါပေမဲ့ ... မိုက်ကယ်ဂျော်ဒန် ရဲ့ လက်ထဲမှာ ရှိတဲ့ ဘတ်စကက်ဘော ကတော့ အမေရိကန်ဒေါ်လာ ၃၃ မီလီယံ( သန်း) တန်ဖိုးရှိပါတယ်။
ဒါဟာ ... ဘယ်သူ့ရဲ့လက်ထဲမှာ ရှိသလဲ ဆိုတဲ့အပေါ်မှာ မူတည်ပါတယ်။

တင်းနစ် ရိုက်တံလေးဟာ ကျွန်ုပ်ရဲ့လက်ထဲမှာတော့ ဘာမှ အသုံးမကျပါဘူး။
ဒါပေမဲ့ ... ပိတ်စမ်းပရာ(စ) ရဲ့ လက်ထဲမှာတော့ ဝင်ဘယ်လ်တန် ချန်ပီယံဆုကို ရစေပါတယ်။
ဒါဟာ ... ဘယ်သူ့ရဲ့ လက်ထဲမှာ ရှိသလဲ ဆိုတဲ့ အပေါ်မှာ မူတည်ပါတယ်။

ကျွန်ုပ်ရဲ့ လက်ထဲမှာ ရှိတဲ့ တုတ်ချောင်းဟာ သားရဲတိရိစ္ဆာန်တွေရဲ့ ဘေးရန်က ကင်းဝေးစေရုံ သက်သက်ဘဲ ဖြစ်ပါလိမ့်မယ်။
ဒါပေမဲ့ ... မောရှေရဲ့ လက်ထဲမှာ ရှိတဲ့ တုတ်ချောင်းကတော့ စွမ်းအားကြီးလှတဲ့ ပင်လယ်ပြင်ကြီးကို နှစ်ခြမ်းကွဲအောင် ခွဲနိုင်ခဲ့ပါတယ်။
ဒါဟာ ... ဘယ်သူ့ရဲ့ လက်ထဲမှာ ရှိသလဲ ဆိုတဲ့ အပေါ်မှာ မူတည်ပါတယ်။

လောက်လွှဲလေး တစ်လက်ဟာ ကျွန်ုပ်ရဲ့ လက်ထဲမှာတော့ ကစားစရာ အရုပ်လေး တစ်ခုပါဘဲ။
ဒါပေမဲ့ ... ဒါဝိဒ်ရဲ့ လက်ထဲမှာတော့ စွမ်းအားကြီးတဲ့ လက်နက်တစ်ခု ဖြစ်ခဲ့ပါတယ်။
ဒါဟာ ... ဘယ်သူ့ရဲ့ လက်ထဲမှာ ရှိသလဲ ဆိုတဲ့ အပေါ်မှာ မူတည်ပါတယ်။


မုန့်ငါးလုံးနဲ့ ငါးနှစ်ကောင်ဟာ ကျွန်ုပ်ရဲ့ လက်ထဲမှာတော့ လူတစ်ယောက်အတွက် တစ်နပ်စာ၊ အသားညှပ်ပေါင်မုန့်တစ်ခုကိုဘဲ ပြုလုပ်နိုင်မှာပါ။
ဒါပေမဲ့ ... သခင်ယေရှုရဲ့ လက်ထဲမှာတော့ ထောင်ပေါင်းများစွာသော လူတွေကို ကျွေးမွေးနိုင်ခဲ့ပါတယ်။
ဒါဟာ ... ဘယ်သူ့ရဲ့ လက်ထဲမှာ ရှိသလဲ ဆိုတဲ့ အချက်ပေါ်မှာ မူတည်ပါတယ်။

ကျွန်ုပ်ရဲ့ လက်ထဲမှာရှိတဲ့ သံချောင်းလေးတွေဟာ ငှက်လှောင်အိမ်တစ်ခု ကိုသာ ပြုလုပ်နိုင်ပါလိမ့်မယ်။
ဒါပေမဲ့ ... သခင်ယေရှုရဲ့ လက်ဖဝါးပေါ်မှာ ရိုက်သွင်းခဲ့တဲ့ သံချောင်းလေးတွေကတော့ ကမ္ဘာလောကကြီးတစ်ခုလုံးကို ကယ်တင်ခြင်းရဖို့ ပြုလုပ်နိုင်ခဲ့ပါတယ်။
ဒါဟာ ... ဘယ်သူ့ရဲ့ လက်ထဲမှာ ရှိသလဲ ဆိုတဲ့ အပေါ်မှာ မူတည်ပါတယ်။

မိတ်ဆွေအနေနဲ့ အခုပဲ သာဓက လေးတွေကြောင့် ဘယ်သူ့ရဲ့ လက်ထဲမှာ ရှိသလဲဆိုတာ မူတည်နေတဲ့အကြောင်းကို တွေ့မြင်နိုင်ပါလိမ့်မယ်။
ဒါ့ကြောင့် ... သင့်မှာရှိတဲ့ တွေးတောခြင်းများ၊ စိုးရိမ်ခြင်းများ၊ မျှော်လင့်ခြင်းများ၊ မိသားစုများ၊ ရည်မှန်းချက်များ နှင့် ပေါင်းသင်းဆက်ဆံရေးများ အားလုံးကို ဘုရားသခင်ရဲ့ လက်တော်ထဲမှာ အပ်နှံ၍ ထည့်ထားလိုက်ပါ။
ဘာ့ကြောင့်လဲ ဆိုတော့ မိတ်ဆွေရဲ့ အသက်တာဟာ
ဘယ်သူ့ရဲ့ လက်ထဲမှာ ရှိသလဲ ဆိုတဲ့ အပေါ်မှာ မူတည်နေလို့ပါဘဲ။

**( လောလော )**

( ဝန်ခံချက် - - ဖတ်ရှုခဲ့ရသော **E mail** တစ်ခုအား ထပ်ဆင့်၍ ပြန်လည်ဝေငှခြင်း ဖြစ်ပါသည်။)



သခင့်စကား ၇-၁၇

# နှလုံးသားကြိုးဖြေလျှော့ခြင်း၏အစွန်းတစ်ဘက်ဆီ…

နားမလည်ဘူးတဲ့
ခမ်ဘ်ခန်ကချာ အကြောင်း။

နားမလည်ဘူးတဲ့
အိပ်မောကျ မေတ္တာနဲ့
ဂုဏ်သရေမဲ့ ကောက်ကြောင်း။

နားမလည်ဘူးတဲ့
'အိုကားမား' ရဲ့ ရင်တွင်း စစ်ကြောင်း။

နားမလည်ဘူးတဲ့
ကောရီးယား အသင်းသားတွေရဲ့
ခြကိုက် ခံလိုက်ရတဲ့ ယုံကြည်မှုအကြောင်း။

နားမလည်ဘူးတဲ့
ရက်ပြတ်တဲ့ ကမ္ဘာတစ်ခြမ်းက
အရောင်လွှင့် ဗီညာဉ်တွေ
တံလျှပ်လိုက်ကာ နောက်ကွယ်
တိတ်ဆိတ်စွာ သေဆုံးရခြင်း အကြောင်း။

အဲဒီ မြို့လေးကတော့ တိတ်နေတုံးဘဲ
နားလည် သိတတ်ခြင်းတွေ သက်သေထူဖို့
အရစ္စတိုတယ် ကို ပုန်း မတို့လိုက်ပါနဲ့
ဘာတဲ့ 'ဒါဝင်'လား
နေပါစေ၊ သူအိပ်ရေး ပျက်နေပါ့မယ်။
" ဧကီ၊ အဲလ်ဘတ်ဟမ္မူ၊ ယန်းပေါ်ဆာတ်၊
ရုရှန်း၊ ဒေးကားနက်ဂျီ " ဟုတ်လား၊
စိတ်မရှိပါနဲ့၊ တကယ် မသိလို့ပါ။
ဒါပေမဲ့ … ကျွန်တော့် နှင်းဆီပန်း ပွင့်တော့မယ်။
ခင်ဗျာ … " စိန့်ဩဂတ်စတင်း၊ မာတင်လူသာ၊
ဒီအယ်လ်မူးဒီ၊ ဘီလီဂရေဟန် "
ဟုတ်ကဲ့ … မှတ်ထားလိုက်ပါ့မယ်။
နှပ်စက်ခံလိုက်ရတဲ့၊ မြို့လေးဆီ
ရှင်ပေါ်လုရဲ့ သာဓောထား
အားနည်းခြင်း၊ ကြောက်ရွံ့ခြင်း၊ နိမ့်ချခြင်းတွေနဲ့
ရပ်တည်လို့နေခဲ့ …

မကျေညက်တဲ့ ဇာတိနားလည်ခြင်းတွေ
တပြင်းပြင်း ဝါးမြိုရင်း ထွက်လာတာက
အရောင်ကွဲ နားမလည်ခြင်းတွေ
ရောလမုန်ရဲ့ အနဂ္ဂ တွေ့နေတော့ကာ
အပြဲဆောင် အရုဏ်ဦး ကို ပြောင်းလဲဖို့
ရင်ခုံသံချင်း ကာရံမညီတောင်
ကြိုးလေးတော့ ညှိကြရအောင်ကွယ်။ ။

**ချစ်နှင်းဦး**
၁၁-၁၁-၂၀၀၂

## ဆီလော့ (၂)

* ယုံကြည်သူ၌ ဖြစ်တုံလက္ခဏာ
နာမတော်၌ ရောဂါငြိမ်းခြင်း
အဆိပ်တောက်ပင် ကင်းရှင်းအောင်ရန်
တည်တံ့နိုင်ပြဲ ပေးထားကတိ
သမ္မာကျမ်းစာ၌ … … ဒါပေမဲ့
ယုံကြည်သူ အကျွန်ုပ်
နာမတော်၌ ရောဂါမငြိမ်း
မှားယွင်းတစေ အဆိပ်တက်လျက်
မွှားများသောက ရောဂါငြိမ်းခြင်း
ကျမ်းစာ၌သာ … …
( ဘာဘဲဖြစ်ဖြစ် ဒီဟာတော့ ငါဆေးသောက်မှဘဲ ဖြစ်မယ်။ )
** ခရစ်တော်၏ တပည့်တော်များ
ဝိညာဉ်ရေအား သုံးပြုခံယူ
လောကအလယ် အံ့ဘွယ်အမှု
အလင်းပြခဲ့ သက်သေအများ
သမ္မာကျမ်းစာ၌ … … ဒါပေမဲ့
ခရစ်တော်၏ တပည့်အကျွန်ုပ်
ဝိညာဉ်ဆုမဲ့ ကျင်လည် ဇာတိ
လောကအလယ် မထူးခြားနား
အမှောင်ဖုံးလွှမ်း အံ့ဖွယ်သက်သေ
ကျမ်းစာ၌သာ … …
( အဲဒါက အရင်တုံးကဘဲ၊ … ဟိုခုက ၂၁ ရာစုလေ )
*** ဖိလိပ္ပိနှင့် မိကွာ အနာဂတ္တိတွင်
ယုံကြည်သူအား ပြသလမ်းညွှန်
နှစ်သက်ဖွယ် ယဇ် နိမ့်ချခြင်းသာ
ခရစ်တော်၏ အသက်တာသက်သေ
သမ္မာကျမ်းစာ၌ … ဒါပေမဲ့
အကျွန်ုပ် ယုံကြည်သူ
ငါနှင့် ငါသာ လမ်းညွှန်ဦးဆောင်
မာနထောင်လွှား နားထင်ခွေးဟက်
နိမ့်ချခြင်း၏ အသက်တာသက်သေ
ကျမ်းစာ၌သာ … …
( နိမ့်ချဖို့ ငါ့ အသက်အရွယ် … ငါ့ ဂုဏ် သိက္ခာနဲ့ မလွယ်ဘူး )
**** ယုံကြည်သူများ သိမ်းဆည်းခြင်းငှာ
ဒုတိယ အကြိမ် ခရစ်တော်ဟုရား
ဆင်းကြွမူ၍ ရွှေပြည်တော်၌
စံစားထာဝရ ကတိတော်ပြတ်
သမ္မာကျမ်းစာ၌ … … ဒါပေမဲ့
ယုံကြည်သူ အကျွန်ုပ်
သိမ်းဆည်းခြင်းနှင့် ကင်းလွတ်နေလျက်
ရွှေပြည်တော်ကား မသိဘယ်မှာ
ထာဝရ သုခ ကတိတော်ပြတ်
ကျမ်းစာ၌သာ … …
( အဲ … ဒါတော့ ငါလည်း မချင်တာပေါ့ )
ဒါပေမဲ့ …
ခရစ်တော်ယေရှု မိန့်မှာသည်ကား
"သင်၌ တစ်ခု လိုသေးသည် "

**JORDAN**
အခြေပြု … … မိကွာ ၆း၈ ။ ဖိလိပ္ပိ ၂း၃-၅

သခင့်စကား အမှတ်စဉ် [၁၇] ၏ ကုန်ကျစရိတ်ကို ငွေအားဖြင့် ပျိုးဖေးကြဲပါဝင်သော Naw Thi Khee Lah Moo နှင့် ဧန္ဒပါရီလ ပွေးနေ့ မှင် မေရှုန် မိုးဘား ဘုရားသခင် ကောင်းချီးပေးပါစေ။

သင်ခန်းစာ: ၈ - ၁၇

ပျော်ရွှင်သောနှစ်သစ်ဖြစ်ပါစေ။ ပျော်ရွှင်သောနှစ်သစ်ဖြစ်ပါစေ။ ပျော်ရွှင်သောနှစ်သစ်ဖြစ်ပါစေ။ ပျော်ရွှင်သောနှစ်သစ်ဖြစ်ပါစေ။ ပျော်ရွှင်သောနှစ်သစ်ဖြစ်ပါစေ။





# အစေခံခွင့်

ကိုယ်တော်သခင် ...
သခင့်ရဲ့ ငြိမ်းချမ်းမှု တန်ဆာပလာ အဖြစ်
အကျွန်ုပ်အား အသုံးပြုပါ။

သခင်သွားရာ နေ ၊ သခင်စေရာ သွား
သခင်အုပ်စိုးတဲ့ မွန်မြတ်သော နှလုံးသားဖြင့်
ဘေးရန်များသည့် နေရာဖြစ်စေ ၊ မုန်းသည်ဖြစ်စေ
ယုံကြည်မှု ရှိသည့် နေရာဖြစ်စေ ၊ ယုံမှားသံသယ ရှိသည်ဖြစ်စေ။
မျှော်လင့်နိုင်သည့် နေရာဖြစ်စေ ၊ မရနိုင်သည် ဖြစ်စေ။
အလင်းတရားရှိသည့် နေရာဖြစ်စေ ၊ မှောင်မိုက်အပတိရှိသည် ဖြစ်စေ
ပျော်ရွှင်ရမည့် နေရာဖြစ်စေ ၊ ကြေကွဲပူဆွေး ရမည်ဖြစ်စေ
သခင် နင်းခဲ့တဲ့ လမ်း ၊ သခင် အစေခံ ခဲ့သည့်နည်းတူ
မုန်းတီး စက်ဆုပ်ဖွယ်ရာ အရပ်မှာ
မေတ္တာမျိုးစေ့ မျိုးခွင့်ပေးပါ။

ကိုကွင်မကာ ...
နှစ်သိမ့်မှု ခံယူသည့်ထက် ၊ ပေးစွမ်းနိုင်မှုကို လည်းကောင်း
နားလည်မှု ခံယူသည့်ထက် ၊ ပေးစွမ်းနိုင်မှုကို လည်းကောင်း
ကွယ်တာ မေတ္တာ ရယူမှုထက် ၊ ပေးစွမ်းနိုင်မှုကို လည်းကောင်း

အဘယ်ကြောင့်ဆိုသော် ...
ပေးဆပ်ခြင်း ရှိမှသာ ၊ ရယူပိုင်ဆိုင် နိုင်မည်။
ခွင့်လွှတ်မှု ရှိမှသာ ၊ ခွင့်လွှတ်ခြင်း ခံရမည်။
အပြစ်မှ သေဆုံးမှသာ ၊ ထာဝရ အသက်သို့ မွေးဖွားနိုင်မည်။ ॥
ရေစက်တော်၌


**နော်အေးမီထွန်း**

**Inspirations ; Prayer of St. Francis**

ကို ဆီလျော်အောင် မြန်မာပြန် ဆိုထားပါသည်။







ပျော်ရွှင်သောနှစ်သစ်ဖြစ်ပါစေ။ ပျော်ရွှင်သောနှစ်သစ်ဖြစ်ပါစေ။ ပျော်ရွှင်သောနှစ်သစ်ဖြစ်ပါစေ။ ပျော်ရွှင်သောနှစ်သစ်ဖြစ်ပါစေ။ ပျော်ရွှင်သောနှစ်သစ်ဖြစ်ပါစေ။